## မျှော်မှန်းချက်

"မြန်မာပြည်သူပြည်သားများသည် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် ငြိမ်းချမ်းပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ကြရန်၊ မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်နိုင်ရန်၊ အခြေခံလိုအပ်ချက်များနှင့် ဘ၀အရည်အသွေးများ ပြည့်ဝသော ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများကို ရယူနိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်။"

## ခံယူချက်

"LWF မြန်မာသည် လူသားများ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိခံစားစေနိုင်ရန် ၎င်းတို့၏စွမ်းဆောင်ရည်များ မြှင့်တက်လာအောင် ကူညီပေးခြင်းဖြင့် ဆင်းရဲဒုက္ခနှင့် ဆင်းရဲနွမ်းပါးမှုများကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းနှင့် အကျိုးဆက်များကို ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။"

## တန်ဖိုးထားမှုများ

- ဂုဏ်သိက္ခာကိုလေးစားခြင်းနှင့် တရားမျှတမှုရှိခြင်း၊
- ကရုဏာထားဆောင်ရွက်ခြင်းနှင့် ခိုင်မာသောခံယူချက်ရှိခြင်း၊
- အမျိုးမျိုးသော ကွဲပြားခြားနားမှုများအပေါ် လေးစားခြင်း၊
- အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း။

## ရည်မှန်းချက်ပန်းတိုင်

"လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သောဖွံ့ ဖြိုးမှုကို လုပ်ဆောင်ပြီး မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုရန်။"

## စီမံကိန်း မဟာဗျူဟာ ဦးတည်ချက်များ

**ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။** သာတူညီမျှမှုရှိပြီး ရေရှည်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် ပိုမိုကောင်းမွန် လာစေရန်။

**ရေရှည်တည်တံ့နိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်း။** ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သော လူမှု – စီးပွားနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

**အရေးပေါ်အခြေအနေ တုန့်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့် ခွဲခြင်း။** ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်များမှ လျော့ပါးသက်သာနိုင်စေရန် စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပြီး ထိရောက်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရန်။

**အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု။** LWF မြန်မာအား ထိရောက်ပြီး အခြေအနေနှင့် လိုက်လျောညီစွာ ဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်လာစေရန်။

THE
LUTHERAN
WORLD
FEDERATION